**သမတအိမ်တော်၊ ရန်ကုန်မြို့။**

**(“၁၉၄၉ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ကော်မီရှင်အဖွဲ့ တချက်လွှတ်ဥပဒေ”)**

**(၁၉၄၉ ခုနှစ်၊ တချက်လွှတ်ဥပဒေအမှတ် ၈။)**

**၁၃၁၁ ခု၊ တော်သလင်းလဆုတ် ၄ ရက်။**

**(၁၉၄၉ ခု၊ စက်တဘာလ ၁၀ ရက်။)**

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ အောက်ဖေါ်ပြပါ တချက်လွှတ်ဥပဒေကို ထုတ်ပြန်ကျေညာသည်။

အောက်ပါအတိုင်း တချက်လွှတ်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤတချက်လွှတ်ဥပဒေကို “**၁၉၄၉ ခုနှစ်၊ နိုင်ငံတော်ကောက်ပဲသီးနှံ ရောင်းဝယ်ရေး ကော်မီရှင် အဖွဲ့ တချက်လွှတ်ဥပဒေ**” ဟုခေါ်ရမည်။

(၂) ဤတချက်လွှတ်ဥပဒေသည်၊ ၁၉၄၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူ ရမည့်ပြင်၊ နိုင်ငံတော်သမတအမိန့်ကြော်ငြာစာဖြင့် ထိုတချက်လွှတ်ဥပဒေဆက်လက် အာဏာမတည်စေ ရဟု ကျေညာသည့်အချိန်အထိ အာဏာတည်စေရမည်။

(၃) ဤတချက်လွှတ်ဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံတဝှန်းလုံးနှင့် သက်ဆိုင်ရမည်။

၂။ ။ ဤတချက်လွှတ်ဥပဒေတွင်၊ ကော်မီရှင်အဖွဲ့ဆိုသည်မှာ၊ ၁၉၄၉ ခု၊ မေလ ၂၀ ရက်နေ့စွဲပါ၊ သစ်တော နှင့်လယ်ယာစိုက်ပျိုးရေးဌာနပြဋ္ဌာန်းချက်အရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရက ခန့်ထားပြီးဖြစ်သည့် ကောက်ပဲသီးနှံရောင်းဝယ်ရေးကော်မီရှင်အဖွဲ့ကိုဆိုလိုသည်။

၃။ ။ ကော်မီရှင်အဖွဲ့မှာ၊ မိမိသင့်သည်ဟုထင်မြင်သည့်အရပ်နှင့် နေ့ရက်များတွင်ရုံးထိုင်ရန် အာဏာရှိစေ ရမည့်အပြင်၊ အခြားသော အာဏာများအပြင်၊ အောက်ပါကိစ္စများနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ၊ တရားရုံးများအား အပ်နှင်းထားသည့်အာဏာများလည်းရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာများနှင့် စာချုပ်စာတမ်းစသည်များကို ဖွင့်လှစ်ထုတ်ဖေါ်စေခြင်းနှင့် ကြည့် ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကိုလာရောက်စေရန် အတင်းအကြပ်ဆင့်ဆိုခေါ်ယူခြင်း။

(ဂ) စာချုပ်စာတမ်းများကို လာရောက်တင်ပြစေရန် အတင်းအကြပ်ပြုလုပ်ခြင်း။

(ဃ) သက်သေများကို စစ်ဆေးခြင်း။

(င) ရက်ချိန်းများပေးခြင်း။

(စ) စာနှင့်ရေး၍ပေးပို့သောထွက်ဆိုချက်များကိုလက်ခံခြင်း။

(ဆ) နေရာဌာနများကြည့်ရှုစစ်ဆေးခြင်း။

ထို့ပြင်ကော်မီရှင်အဖွဲ့သည်၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ ၏အဓိပ္ပါယ်အရ၊ တရားမရုံး ဖြစ်သည်ဟု မှတ်ယူရမည်။

၄။ ။ သက်သေများကို အတင်းအကြပ်ဆင့်ဆိုခေါ်ယူရန်ကိစ္စအလို့ငှါ ကော်မီရှင်အဖွဲ့၏ စီရင်ပိုင်ခွင့် အာဏာနယ်နိမိတ်များမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နယ်နိမိတ်များဖြစ်ရမည်။

၅။ ။ ကော်မီရှင်အဖွဲ့သို့ဖြစ်စေ၊ ကော်မီရှင်အဖွဲ့ရှေ့တွင်ဖြစ်စေ၊ စာဖြင့်သော်၎င်း၊ နှုတ်ဖြင့်သော်၎င်း၊ တဦး တယောက်သော သူကတင်ပြထွက်ဆိုသည့်သက်သေခံချက်နှင့်စပ်လျဉ်း၍၊ ထိုသူအား ပြည်ထောင်စု မြန်မာနိုင်ငံရှိ မည်သည့်ရာဇဝတ်ရုံး၊ သို့တည်းမဟုတ် တရားမရုံးတွင်မျှတရားစွဲဆိုခြင်းမပြုရ။

၆။ ။ ကော်မီရှင်အဖွဲ့သို့ဖြစ်စေ၊ ကော်မီရှင်အဖွဲ့ရှေ့တွင်ဖြစ်စေ၊ စာဖြင့်သော်၎င်း၊ နှုတ်ဖြင့်သော်၎င်း၊ တဦး တယောက်သောသူက တင်ပြပြောဆိုသည့်ထွက်ချက် တခုခုကို၊ ထိုသူအပေါ် စွဲဆိုသည့် တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုအခင်း တခုခုတွင်၊ သက်သေခံချက်အဖြစ် လက်ခံခြင်းမပြုရ။

၇။ ။ ဤတချက်လွှတ်ဥပဒေနှင့်အညီ၊ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန် အမိန့်ပေးခြင်းခံရသည့် အပြုအမူတခုခုအတွက်၊ ကော်မီရှင်အဖွဲ့ဝင်လူကြီးတဦးတယောက်အပေါ်တွင် မည်သည့်တရားမမှု၊ ရာဇဝတ်မှု၊ သို့တည်းမဟုတ် အခြားအမှုအခင်းကိုမျှစွဲဆိုခြင်းမပြုရ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

စဝ်ရွှေသိုက်၊

နိုင်ငံတော်ယာယီသမတ၊

ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၁ ခု၊ တော်သလင်းလဆုတ် ၄ ရက်။

(၁၉၄၉ ခု၊ စက်တင်ဘာလ ၁၀ ရက်။)

အမိန့်အရ၊

ရွှေဘော်၊

နိုင်ငံတော်သမတအတွင်းဝန်။

[အမှတ် ၁၂၀]